ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်၊ ၄ /၂၀၂၅
နေပြည်တော်၊ ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း( ၆ ) ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၀ ) ရက်

## အသေးစားငွေရေးကြေးရေးကုမ္ပဏီများက ဆောင်ရွက်သည့် ကော်ပိုရိတ်အာမခံဝန်ဆောင်မှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များ

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေး ကုမ္ပဏီများက အသင်းဝင်များအား ကော်ပိုရိတ်အာမခံ ကိုယ်စားလှယ်ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် သတ်မှတ်လိုက်သည်-

(က) အသေးစားငွေရေးကြေးရေးကုမ္ပဏီသည် အသင်းသားများအား ကော်ပိုရိတ် အာမခံ ကိုယ်စားလှယ်ဝန်ဆောင်မှုပေးပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးမှသာ စတင်ဆောင်ရွက်ရမည်။

(ခ) အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့် အာမခံ ကုမ္ပဏီသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသော သက်တမ်းရှိ လုပ်ကိုင်ခွင့်အထောက်အထားတင်ပြနိုင်သည့်ကုမ္ပဏီဖြင့်သာ လုပ်ငန်း ဆောင်ရွက်ရမည်။

(ဂ) အသေးစားငွေရေးကြေးရေးကုမ္ပဏီသည် အသင်းသားများအား ကော်ပိုရိတ် အာမခံ ကိုယ်စားလှယ် ဝန်ဆောင်မှုပေးရာတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သဘော တူညီပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ခွင့်ပြုသည့် ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ဝန်ဆောင်မှု အမျိုးအစားကိုသာ ဆောင်ရွက်ရမည်။

(ဃ) အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့် အာမခံ ကုမ္ပဏီသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုသည့်လုပ်ငန်း ဆောင်ရွက် ရာတွင် လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်များကို တိကျစွာ လိုက်နာရမည်။

(င) အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့် အာမခံ ကုမ္ပဏီတို့သည် ဝန်ဆောင်မှုပေးမည့် အာမခံကိုယ်စားလှယ်အမျိုးအစား၊ ဆောင်ရွက်

မည့်ပုံစံ၊ နည်းစနစ်နှင့် လျော်ကြေးပေးမည့်အစီအစဉ် ၊လိမ်လည်မှုနှင့်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု တို့ ပါဝင်သော စာချုပ်မူကြမ်း တင်ပြရမည်။

(စ) အသင်းသားများအတွက် ကော်ပိုရိတ် အာမခံကိုယ်စားလှယ် ဝန်ဆောင်မှုပေးရာတွင် အာမခံအမျိုးအစားအလိုက် အများဆုံးကျသင့်မည့် ပရီမီယံနှုန်းထား၊ ရရှိမည့် အကျိုးခံစားခွင့်၊ အကျုံးဝင်မှုသက်တမ်းအပါအဝင် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များ အား အသင်းသားများသိရှိစေရန်အသေးစားငွေရေးကြေးရေး ကုမ္ပဏီကဆောင်ရွက်ပေး ရမည်။

(ဆ) အသေးစားငွေရေးကြေးရေး ကုမ္ပဏီသည် ကော်ပိုရိတ် အာမခံဝန်ဆောင်မှုပေးခြင်း နှင့်ပတ်သက်၍အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက အတည်ပြုသော စာရင်းရေးသွင်းမှုပုံစံ (Chart of Account) နှင့်အညီ သတ်မှတ်ရေးဆွဲ တင်ပြရမည်။

(ဇ) အသင်းသားများအား ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ဝန်ဆောင်မှုပေးရာမှ ဖြစ်ပေါ် လာသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား ထိရောက်စွာစီမံခန့်ခွဲမှုစနစ် တင်ပြရမည်။

(ဈ) အသင်းသားများအား ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ဝန်ဆောင်မှုပေးရာမှ ဖြစ်ပေါ် လာသည့် အငြင်းပွားမှုများအား အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် အာမခံ ကုမ္ပဏီတို့က ပူးပေါင်းဖြေရှင်းရမည်။

(ည) အသေးစားငွေရေးကြေးရေးကုမ္ပဏီအနေဖြင့် ကော်ပိုရိတ် အာမခံကိုယ်စားလှယ် ဝန်ဆောင်မှုပေးရာတွင် KYC၊ CDD အပါအဝင် အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် အသင်းသား စိစစ်ရေးလုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ရမည်။

(ဋ) အသေးစားငွေရေးကြေးရေးကုမ္ပဏီအနေဖြင့် ကော်ပိုရိတ် အာမခံကိုယ်စားလှယ် ဝန်ဆောင်မှုပေးရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု များအတွက် စစ်ဆေးသည့်စနစ်ထားရှိရမည့်အပြင် သံသယဖြစ်ဖွယ် ဆောင်ရွက်ချက် များတွေ့ရှိပါက ကြီးကြပ်မှု အာဏာပိုင် များသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ဌ) ကော်ပိုရိတ်အာမခံကိုယ်စားလှယ် ဝန်ဆောင်မှု ပေးသည့် အသေးစားငွေရေးကြေးရေး ကုမ္ပဏီသည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန အပါအဝင် ကြီးကြပ်ရေး အာဏာပိုင်များက စာရင်းဇယားအချက်အလက်များ တောင်းခံလျှင် သတ်မှတ်ပုံစံ အတိုင်း အချိန်နှင့်တစ်ပြေးညီတင်ပြရမည်။

(၃) ကော်ပိုရိတ်အာမခံကိုယ်စားလှယ်ဝန်ဆောင်မှုပေးသည့် အသေးစားငွေရေးကြေးရေးကုမ္ပဏီသည်အသင်းသားများအားငွေကြေးဆိုင်ရာအသိပညာနှင့် အာမခံလုပ်ငန်းဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

၃။ ဤညွှန်ကြားချက်ပါအကြောင်းအရာများအား လိုက်နာရန်ပျက်ကွက်သော ကော်ပိုရိတ်အာမခံကိုယ်စားလှယ်၊ အသေးစားငွေရေးကြေးရေးကုမ္ပဏီနှင့် အာမခံကုမ္ပဏီတို့သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါပြဋ္ဌာန်းချက်များအပြင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီအရေးယူခြင်းခံရမည်။

(ဝင်းရှိန်)

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/ ဖ ( ၁၂၈၃ / ၂၀၂၅)

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများအသင်း

အသေးစားငွေရေးကြေးရေးကုမ္ပဏီများအားလုံး

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ